# ကံပဲ့ကျေးရွာ

# ပင်းတယမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံပဲ့ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကံပဲ့ကျေးရွာ
ပင်းတယမြို့နယ်


**ကံပဲ့ကျေးရွာ**

**မာတိကာ**


| **စဉ်** | **အကြောင်းအရာ** | |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၅ |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၅ |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ** | ၅ |
| ၄ | **စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | ၆ |
| | (ခ)မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ)ငါးလုပ်ငန်း | ၇ |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇,၈ |
| ၅ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ)ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆ | **ပညာရေး** | ၈,၉ |
| ၇ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၉ |
| ၈ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉,၁၀ |
| ၉ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၁ |

| | | |
|---|---|---|
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | - |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၁၃ |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | ၁၄ |

4



မြေပုံအညွှန်း
ဘုန်းကြီးကျောင်း
ရေတွင်း
ရေကန်
စာသင်ကျောင်း
စိုက်ခင်း

## ၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကံပုံ့ကျေးရွာသည် အောင်ပန်း-ပင်းတယမြို့ကားလမ်း၏ အရှေ့တောင်ဖက်(၂)မိုင်ခန့် ဝင်ရောက် ရပါသည်။ ကျေးရွာသည် တောင်ကုန်းပေါ်တွင် တည်ရှိပါသည်။အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ကျေးရွာတည်ရှိရာသည် ကုန်းပေါ်ပိုင်းတွင်တည်ရှိပြီး ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းများ မရှိဘဲ မြေပြင်အနေအထားမှာ တောင်ကုန်းဖြစ်သည်။ မြေပြန့်အနည်းစုသာ ရှိပါသည်။လယ်ယာမြေများသည် စပါး၊အာလူး၊ပန်းဂေါ်ဖီ၊ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊နှမ်း တို့စိုက်ပျိုးရန်နှင့် အသက်မွေးဝမ်းကျောင်းရန် တို့အတွက် အဓိက အားထားရာဖြစ်သည်။

## ၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေ အသင့်အတင့်ရှိကြပြီး အချို့မှာ မြေပြန့်နှင့် အများအားဖြင့် တောင်ကုန်းမြေများများသာဖြစ်သည်။ နေရာအလိုက် မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သည်။လယ်မြေဧက(၁၀၀)ခန့်ကို ရေသွင်းစိုက်ပျိုးနိုင် သော်လည်း မိုးရာသီ မိုးရေကိုသာ အလေးထားစိုက်ပျိုးရသည်။မြေအောက်ရေ အသုံးပြုမှုမရှိပါ။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၆၂၃)ဧကရှိပြီး စပါး၊အားလူး၊ဂျင်း၊ပန်းဂေါ်ဖီ၊ပိန်းဥနှင့် ပန်းနှမ်း တို့ကိုသာ အဓိက စိုက်ပျိုးကြသည်။ ဆည်ရေရရှိပါက ဒေသတွင်းဖွံ့ဖြိုး တိုးတက်မှုအမှန်နှင့် အမြန်ဖြစ်ထွန်းမည်မှာ သေချာပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းဟူ၍ သီးသန့်မရှိပေ။ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့ ရှိသည်။ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်း မရှိသေးပေ။နာရေးကိစ္စများတွင်လည်း တစ်ရွာလုံးမှ ကူညီ ဆောင်ရွက်ကြသည်။သာရေးတွင်လည်း တစ်ရွာလုံးမှ တက်ညီလက်ညီ ဝိုင်ဝန်းဆောင်ရွက်ကြသည်။ရွာ၏ အိမ်ထောင်စုမှာ အဖွဲ့အစည်းများဖွဲ့ရလောက်သည်ထိ မများသေးသောကြောင့်လည်းဖြစ်သည်။မြန်မာ့အသေး စားချေးငွေအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက် လျက်ရှိသည်။ကျေးရွာတွင် အဖွဲ့အစည်းများ ဖွဲ့စည်းပြီး ရပ်ရွာတိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

## (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် စပါး၊ အာလူး၊ပန်းဂေါ်ဖီ၊မြေပဲနှင့် နှမ်း တို့ကိုအဓိကထား စိုက်ပျိုးကြသည်။တောင်ယာ စပါး စိုက်ဧက ၁၄၃ ဧက စိုက်ပျိုးထားသည်။လယ်စပါးအဖြစ် ဧက(၁၀၀)စိုက်ပျိုး ထားသည်။ ပျှမ်းမျှ အထွက်မှာ စပါးမျိုးတစ်တင်းလျှင် အထွက်နှုန်း (၁၆)တင်းမျှထွက်သည်။ပန်းဂေါ်ဖီအနေဖြင့် တစ်ဧကလျှင် အပင်ပေါင်း(၁၀၀၀၀)တစ်သောင်းခန့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ယခုနှစ်တွင် (၁၄၉)ဧက ခန့်စိုက်ပျိုးခဲ့သည်။ပန်းဂေါ်ဖီသည် တစ်နှစ်လျှင်(၃)သီးအထိ စိုက်နိုင်သည်။မိုးဦးတစ်ကြိမ်၊ မိုးလယ်တစ်ကြိမ်၊ မိုးနှောင်းတစ်ကြိမ် စိုက်နိုင်သည်။ထို့ကြောင့် မိုးရာသီတွင် ပန်းဂေါ်ဖီကိုသာ အလေးထား စိုက်ပျိုးသည် ကိုတွေ့ရှိရပါသည် ။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုများ ရရှိမှုအားနည်းပါသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင် ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကြစရိတ် မြင့်မားရသည်။ တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှုမညီမျှမှုရင်ဆိုင်ရတတ်သည်။မိုးများသော လတွင် ပန်းဂေါ်ဖီပင်များ ပုတ်ကာပျက်စီးကြရသည်။တစ်ခါတစ်ရံ ဖျက်ပိုးကြောင့် စပါးမှာ အထွက်နှုန်းပို၍ ကျဆင်းရသည်။ထို့ကြောင့် သီးနှံအထွက်နှုန်းတိုးတက်စေရန် နည်းပညာနှင့် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အားဆေး စနစ်တကျ သုံးတတ်ရန်အတွက် သင်တန်းများဖွင့်လှစ်ပေးစေချင်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူသူ နွား၊ ကျွဲ နှင့် ကြက်တပိုင်တနိုင် မွေးမြူသူများရှိပြီး ကျွဲ၊နွားကိုသာ အဓိက မွေးမြူကြသည်။လယ်ယာစိုက်ပျိုးရေးအတွက် အသုံးပြုရန်အတွက်သာဖြစ်သည်။ ကျွဲများကို (အချို့ ထွန်ယက် ရန်နှင့်အချို့ကို အရေးပေါ်ငွေလိုသည့်အခါ ရောင်းရန်အတွက် မွေးမြူကြသည်။ ဝက်မွေးမြူမှု နည်းပါးသည်။ဒေသကြက်မွေးမြူမှုလည်း နည်းပါးသည်။ဒေသနွား(နွားပု)များကို မွေးမြူကြသည်။အချို့အချိန်များတွင် ဈေးကွက်သို့ တင်ပို့ခြင်း များလည်းရှိပါသည်။ ငါးမွေးမြူရေးလည်း မရှိပါ။ထို့ကြောင့် သားငါးထုတ်လုပ်ရေး ကဏ္ဍမှာ နည်းပါးသည်။ကျေးရွာတွင် မွေးမြူရန်မြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။ထို့ကြောင့် သားငါးထုတ်လုပ်ရေး ကဏ္ဍမှာ နည်းပါးပါသည်။

## (ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

## (ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ် ၊ သယ်ယူပို့ဆောင်ရေးခများသာ ရှိသည်။ထို့ပြင် အသေးစား စက်ရုံများဖြစ်သည့် ဆန်စက်များ လည်းရှိ သည်။ထွန်စက်များဖြင့် လယ်ယာထွန်ယက်၍ အငှားလိုက်သော ပြင်ပဝင်ငွေများ ရရှိပါသည်။ကိုယ်ပိုင် လယ်ယာလုပ်ငန်းရှိသောကြောင့် အငှားအလုပ်သမား ရှားပါးမှုပြဿနာ နှစ်စဉ်ကြုံတွေ့နေရပါသည်။ရွာတွင် အလုပ်လုပ်နိုင်သော အရွယ်များခြင်းကြောင့် ကျေးရွာ၏ တိုးတက်မှုအခြေအနေကို မြင်ရပါသည်။ အခြား အသက်မွေးဝမ်းကျောင်းပညာမရှိပါ။အပ်ချုပ်ဇာထိုးပန်းထိုး ဆံပင်အလှပြင်၊ မုန့်လုပ်ငန်း၊ ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင် ၊ ကားမောင်း၊ ဝပ်ရှော့၊ သံဂဟေ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားများသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးသည်။လုပ်ငန်းခွင်သုံး ပညာအရည်အချင်း ပိုင်းတွင်လည်း နိမ့်ကျပြီး သင်တန်းစရိတ ်ကုန်ကျခံရန် နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။

## (င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် အသေးစားချေးငွေမှ ငွေကို တစ်နှစ်လျှင် အတိုးနှုန်း(၂.၅)ကျပ်နှုန်း၊မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တစ်နှစ် အတိုးနှုန်း(၄၅) ပြားနှုန်းဖြင့် တစ်ဧကလျှင် တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧက်အတွက် ချေးယူနိုင်ကြသည်၊ကျေးရွာမှ အဆိုပါ ချေးငွေ နှစ်ခုမှ ငွေများကို ချေးယူကာ ရင်းနှီးမြှုပ်နှံ၍ သီးနှံပေါ်ချိန်တွင် ပြန်ဆပ်၍ ငွေကြေးလည်ပတ်မှုအတွက် အဆင်ပြေကြသည်။ကျေးရွာတွင် သမဝယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိသေးပေ။ ကျေးရွာသားအများစုသည် ချေးငွေကို မိုးဦးကျ စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံရန်သာ အကြွေးယူကြသည်။ကျေးရွာတွင်းအကြွေးထားရှိမှုအနေအထားကို လေ့လာချက်အရ အလယ်အလတ်ရှိသော အိမ်ထောင်စုနှင့် ဆင်းရဲသော အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၅၀၀၀၀ကျပ် မှဆယ်သိန်းထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ထိုအိမ်ထောင်စုများ၏ ၇၉%သည်အကြွေးငွေ ငါးသိန်းအောက် ချေးယူထားပြီး ၂၁%မှာ ငါးသိန်းအထက် ချေးယူထားကြောင်း တွေ့ရှိခဲ့ရသည်။အကြွေးယူရ၍သည့် အကြောင်းရင်းကို လေ့လာချက်အရ အရင်းနှီးများသော ကုန်စိမ်း(ပန်းဂေါ်ဖီ)စိုက်ပျိုးရန်နှင့် မိုးဦးကျချိန်(သီးနှံစိုက်ပျိုးချိန်)တွင် ဓါတ်မြေဩဇာ ဝယ်ယူရန် အတွက် ချေးယူကြကြောင်း တွေ့ရသည်။ အကြွေးပြန်ဆပ်မှုအပေါ်လေ့လာချက်အရ မိုးဦးသီးနှံဈေးကောင်းပါက မိုးဦးသီးနှံ (ပန်းဂေါ်ဖီ)တစ်ကြိမ်ပေါ်ချိန်တွင် အကြွေးကျေအောင် ဆပ်နိုင်ကြောင်းတွေ့ရှိရသည်။

## ၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများ၊ ထော်လာဂျီများ၊ နွားလှည်းများကိုသာ

အဓိကထားအသုံးပြုကြသည်။လမ်းပန်း ဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျှင်မြန်လာ ပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများ မှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် ဆိုလာမီးကိုသုံးစွဲသော အိမ်ထောင်စု (၆၂)စု နှင့် ဒီဇယ်အင်ဂျင်သုံးစွဲသူ(၉) စု ရှိပါသည်။ ဆိုလာမီးသုံးစွဲမှုသည် အဆင်ပြေမှုနည်းပါးသည်။အဘယ်ကြောင့်ဆိုသော် တောင်ပေါ်ဒေသဖြစ်သော မိုးများသောရာသီများတွင် စွမ်းအင်ရရှိမှုနည်းကာ ဖန်ချောင်းမီးထွန်းရန်အတွက်သာ ရပကါသည်။ ထမင်း၊ဟင်းချက်ရာတွင် ထင်းမီးကိုသာ အသုံးပြုနေရပါသည်။ယခုအခါ ထင်းခုတ်ယူမှုများပြားခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများဖောက်ပြန်လာပါသည်။ထို့ကြောင့် လျှပ်စစ်မီးရရှိရန် အရေးပေါ် လိုအပ်လျှက်ရှိပါသည်။

**(ဂ) သတင်း နှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် မိုဘိုင်းဖုန်းများကို လူမှုရေး၊ စီးပွားရေးများတွင် အသုံးပြုကြပြီး အင်တာနက် ၊ သတင်း ချိတ်ဆက်မှုများလည်း ရှိကြသည်။သို့သော်အင်တာနက်သုံးစွဲနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်သည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၈၁)လုံး၊ ရေဒီယို (၃၈)လုံး၊တီဗွီ(၃၈)လုံးနှင့် ဂြိုလ်တု စလောင်း(၁)လုံးတို့မှ ရရှိပါသည်။လျှပ်စစ်မီး လိုအပ်ချက်ကြောင့် အဆင့်မြင့် ဒီဂျစ်တယ် TV နှင့်စလောင်း အသုံးပြုမှု နည်းပါးသည်။ကျေးရွာတွင် စာကြည့်တိုက်လည်း မရှိပါ။ရွာသူ/သားများအနေဖြင့် စာဖတ် အားလျော့နည်းပါသည်။ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးတို့ အတွက် အဆင်ပြေပါသည်။

**(ဃ) ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရသည်။ ရွာသားအများစုသည် အခြေခံအရေး အဖတ်အတွက် တို့ကိုသာ တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အလွန်နည်းပါးသည်။ ကျေးရွာတွင် အခြေခံ ပညာရေးကို မူလတန်းကို အလျား ၄၅ပေ အနံ ၂၄ပေနှင့် အလျား ၆ဂပေ အနံ ၃ဂပေ အရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာနှင့် အင်္ဂတေအခင်း ကျောင်းဆောင်(၂)ဆောင်တွင် သင်ကြားပေးပါသည်။ မူလတန်းအောင်ရာခိုင်နှုန်းလည်း မြင့်မားသည်။အလယ်တန်းနှင့် အထက်တန်းကို ကျုံးကျေးရွာသို့ ဆက်လက်၍ ပညာသင်ကြား ကြရသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးဆဲ ဖြစ်သည်။

**၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီးလူငယ်လူရွယ် သက်ကြီးပိုင်းတို့သည် လည်း များသောအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအမြင်ရှိကြသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ကျေးရွာသားများ အနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ရွာမှ အရန်သားဖွားဖြင့် ၎င်းကျေးလက်ကျန်းမာရေးဌာနခွဲသို့ ကျန်းမာရေးစောင့်ရှောက်မှုရယူကြသည်။ ထို့ကြောင့် အရေးပေါ်အခြေအနေတွင် တိုက်နယ်ဆေးရုံကိုသာ အားကိုးရပါသည်။ကျေးလက်ဆေးပေးခန်း (၄)မိုင်၊တိုက်နယ်ဆေးရုံနှင့် (၉)မိုင် ဝေးကွာနေပါသည်။ထို့ကြောင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ရှိရန် လိုအပ်ပါသည်။ သောက်ရေအတွက် လက်နှိပ် ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များလည်း လုံလောက်မှု မရှိပါ။ချမ်းသာသော အိမ်ထောင်စုများက အိမ်သာများကို အုတ်ဖြင့်တည်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးအိမ်သာများ ဆောက်လုပ်သုံးစွဲကြသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါ ဖြစ်ပွားမှု နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းများအတွက် အသုံးပြုရန် လွယ်ကူသည်။

## ၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စပါး၊ အာလူး၊ ပန်းဂေါ်ဖီ၊ မြေပဲနှင့် နှမ်းစသည့် စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်သောကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာ သုံးစွဲမှု များပြားလာသဖြင့် မြေဆီလွှာ အရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နိုင်နင်းရေးစနစ်အစား ဓာတု ပိုးသတ် ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင်

မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။ ဉပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။ ကံပွဲကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စုအမည် – မြေခြားချိုင့် | | ကျေးရွာအမည် –ကံပွဲ | မှတ်ချက် |
|---|---|---|---|---|
| | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | လျှပ်စစ် | မဟာဓါတ်အားလိုင်း | လျှပ်စစ်မီးရရှိရန်(၂)မိုင် | |
| ၂ | အခြေခံ<br>အဆောက်အဦ | ကျေးလက်လမ်း၊ ရွာချင်းဆက်လမ်း၊<br>တံတား ဆောက်လုပ်ခြင်း | ရွာအဝင်လမ်းကျောက်ချခင်းခြင်း(၂)မိုင် | |
| ၃ | စိုက်ပျိုးရေး နည်းပညာ | နည်းပညာ | စိုက်ပျိုးရေးနည်းပညာသင်တန်း | |
| ၄ | မွေးမြူရေးနှင့် ငါးလုပ်ငန်း/<br>မွေးမြူရေး ဆေးပညာ | တိရိစ္ဆာန်မွေးမြူရေး | မွေးမြူရေးနည်းပညာသင်တန်း | |
| ၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာကြည့်တိုက်(၁၈'×၂၅×၁၂) | |
| ၆ | အခြေခံ<br>ပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊<br>သင်ထောက်ကူ | မူလွန်ကျောင်းရရှိရန် | |
| ၇ | ကျေးလက်ရေပေးဝေရေး | သောက်သုံးရေ | အဝီစိတွင်းတူးပေးရန်(၅၀၀ပေ)(၃တွင်း) | |

| | | | | |
|---|---|---|---|---|
| ၈ | အစိုးရ အသိမှတ်မပြု (သက်မွေးပညာ) | အစိုးရ အသိမှတ်မပြု (သက်မွေးပညာ) | အသက်မွေးဝမ်းကြောင်းသင်တန်းများ | |
| ၉ | ရပ်ရွာအခြေပြု ငွေကြေး ဝန်ဆောင်မှုများ | ရပ်ရွာအခြေပြု | အရင်းအနှီးစိုက်ပျိုးရေး | |
| ၁၀ | အခြေခံ ပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦးပရိဘောဂ၊ သင်ထောက်ကူ | ဝန်ထမ်းအိမ်ယာ(၆၀'× ၁၅'×၁၂') | |

နောက်ဆက်တွဲ(၁)

**ကံပဲ့ ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဘလှိုင် | ဦးလောဇင် | ၁၃/ပတယ(နိုင်)၀၁၅၃၀၈ | ၅၁ | ဥက္ကဋ္ဌ | | |
| ၂ | ဦးမြင့်ဆွေ | ဦးလှမောင် | ၁၃/ပတယ(နိုင်)၀၁၅၄၁၁ | ၅၃ | အတွင်းရေးမှူး | | |
| ၃ | ဦးမြင့်ထွန်း | ဦးသန်းတင် | ၁၃/ပတယ(နိုင်)၀၃၃၈၈၅ | ၃၈ | ဒု-ဥက္ကဋ္ဌ | ၀၉-၂၅၀၄၈၇၈၈၂ | |
| ၄ | ဦးဝင်းချို | ဦးလောဇင် | ၁၃/ပတယ(နိုင်)၀၄၁၀၃၆ | ၃၈ | စာရင်းကိုင်-၁ | ၀၉-၄၄၅၅၅၄၃၄၄၅ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ဦးအောင်ပြုး | ဦးစံရီ | ၁၃/ပတယ(နိုင်)၀၁၅၄၀၂ | ၄၄ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၆၀၀၂၇၁၆ | |
| ၆ | ဦးဆန်းဝင်း | ဦးချစ်ဆွေ | ၁၃/ပတယ(နိုင်)၀၃၃၈၉၄ | ၄၀ | သော့ကိုင်-၁ | | |
| ၇ | ဦးရန်ကင်း | ဦးဘသော် | ၁၃/ပတယ(နိုင်)၀၃၃၈၇၉ | ၄၀ | သော့ကိုင်-၂ | ၀၉-၂၅၃၅၀၃၆၄၂ | |
| ၈ | ဦးဝင်းတာ | ဦးအောင်လှ | ၁၃/ပတယ(နိုင်)၀၄၉၂၆၆ | ၃၈ | စာရင်းကိုင်-၂ | | |
| ၉ | ဦးစိုးလင်း | ဦးကျော်ရှိန်း | ၁၃/ပတယ(နိုင်)၀၄၄၆၈၀ | ၃၅ | အဖွဲ့ဝင် | | |
| ၁၀ | ဦးအောင်ချိန် | ဦးနေ | ၁၃/ပတယ(နိုင်)၀၁၅၄၁၉ | ၅၁ | အဖွဲ့ဝင် | | |
| ၁၁ | ဦးဇော်လင်းအောင် | ဦးကံပေး | ၁၃/ပတယ(နိုင်)၀၄၃၁၁၂ | ၃၅ | တွဲဖက်အတွင်းရေးမှူး | | |

နောက်ဆက်တွဲ(၃)

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား (ကံပဲ့)ကျေးရွာ**

| စဉ် | ပြဿနာ | အကြောင်းအရာ | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ထင်းများအသုံးပြုရ၍တောပြုန်းလောင်စာခက်ခဲ | လျှပ်စစ်မီးမရှိ | | | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြမည် | လျှပ်စစ်မီးရရှိရန်(၂)မိုင် |
| ၂ | ကုန်များသယ်ယူရန်ခက်ခဲ | ရွာဝင်လမ်းမှာမြေသားလမ်းဖြစ်နေခြင်း | | | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြမည် | ရွာအဝင်လမ်းကျောက်ချောခင်းခြင်း(၂မိုင်) |
| ၃ | ဆေးသုံးနည်းနားမလည်ဗဟုသုတမရှိ | စိုက်ပျိုးရေးနည်းပညာမသိ | | | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြမည် | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း |
| ၄ | ကုသနည်းမသိ၍တိရစ္ဆာန်များသေဆုံး | မွေးမြူရေးနည်းပညာမသိ | | | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြမည် | မွေးမြူရေးနည်းပညာပေးသင်တန်း |
| ၅ | လူငယ်များဖုန်များဖြင့်သာအချိန်ကုန်ဗဟုသုတနည်းပါး | စာကြည့်တိုက်မရှိ | | | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြမည် | စာကြည့်တိုက်(၁၈' x ၂၅' x ၁၂') |
| ၆ | ကျောင်းသားဦးရေများပြား၍အခြားရွာသို့ကျောင်းသွားတက်နေရ | လက်ရှိမူလတန်းသာရှိ | | | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြမည် | မူလွန်ကျောင်းရရှိရန် |
| ၇ | သွားလာရခက်ခဲသောက်သုံးရေမလုံလောက် | အဝီစီတွင်းများမရှိ | ရေထွက်နိုင် | | ကျေးလက်ဦးစီးဌာနသို့တင်ပြမည် | အဝီစီတွင်းတူဖော်ရန်(ပေ၅၀၀)(၃တွင်း) |
| ၈ | အလုပ်အကိုင်းမရှိဝင်ငွေမရ | အသက်မွေးဝမ်းကျောင်းပညာမတတ် | | | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြမည် | အသက်မွေးဝမ်းကျောင်းသင်တန်းများ |
| ၉ | စိုက်ပျိုးချိန်အမှီမစိုက်ပျိုးနိုင်မှန်းသလောက်မစိုက်နိုင် | စိုက်ပျိုးငွေမလုံလောက် | | | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြမည် | အရင်းအနှီး |
| ၁၀ | ဆရာ/မများရွာမှအဖြစ်သဘောဆောက်ပေးထားသောအဆောက်အဦ၌နေရခြင်း | ဆရာမများနေအိမ်မရှိ | | | သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြမည် | ဝန်ထမ်းအိမ်ရာ(၆၀' x ၁၅' x ၁၂') |

နောက်ဆက်တွဲ(၄)

ကံပွဲကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

| စဉ် | အဆိုပြု လုပ်ငန်းများ | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီးရရှိရန်(၂)မိုင် | ၁ | ✓ | ✓ | | | |
| ၂ | ရွာအဝင်လမ်းကျောက်ချောခင်းခြင်း(၂) မိုင် | ၂ | ✓ | ✓ | ✓ | | |
| ၃ | အဝီစိတွင်းတူးပေးရန်(၅၀၀ပေ)(၃တွင်း) | ၃ | | ✓ | ✓ | | |
| ၄ | အရင်းအနှီးစိုက်ပျိုးရေး | ၄ | ✓ | ✓ | ✓ | | |
| ၅ | ဝန်ထမ်းအိမ်ယာ(၆၀'× ၁၅'×၁၂') | ၅ | ✓ | ✓ | ✓ | | |
| ၆ | စာကြည့်တိုက်(၁၈'×၂၅'×၁၂') | ၆ | ✓ | ✓ | | | |
| ၇ | မူလွန်ကျောင်းရရှိရန် | ၇ | ✓ | ✓ | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၈ | အသက်မွေးဝမ်းကြောင်းသင်တန်းမျ ား | ၈ | ✓ | ✓ | ✓ | ✓ | ✓ |
| ၉ | စိုက်ပျိုးရေးနည်းပညာသင်တ န်း | ၉ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၀ | မွေးမြူရေးနည်းပညာသင်တန်း | ၁၀ | ✓ | ✓ | ✓ | ✓ | ✓ |